# သခင့်စကား

## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

သင်တို့သည် ငါ့စကားကို နားထောင် မှတ်မိ ကြလော့။
လုကာ – ၉း ၄၄

အမှတ်စဉ် (၁၈၉) မေလ ၂၀၁၇ ခုနှစ် ဗမ္ဘာဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


# လဲသော်လည်းဆုံးရာသို့ မရောက်-၄

**လဲသော်လည်းဆုံးရာသို့ မရောက်- ၄** *( မင်းအောင်သက်လွင်)*



အသစ်တဖန် ပြန်မွေးလို့ မရမှန်း သိပေမဲ့
အခု ကျန်ရှိနေသေးတဲ့ အသက်တာနဲ့
သခင့်ဘုန်းတော် ကျော်ချင်လည်း ကျော်
သခင့်ဘုန်းတော် ချော်ချင်လည်း ချော်
တစ်ခါတစ်ခါ ဇာတိ အားနည်းချက်တွေနဲ့
စာတန်ရဲ့ စုံစမ်းချက် တွေကြောင့်
လွဲချက်ကယ်နာ လဲကျပြန်ခဲ့ပေါ့။
ဒီကမ္ဘာမှာ မချော်လဲ ဖူးသူ လူတစ်ယောက်မှ မရှိ
အာဏာကြောင့်လည်း လဲ ၊ တဏှာကြောင့်လည်း လဲ
ဘဏ္ဍာကြောင့်လည်း လဲ ပါ်ါကြောင့်လည်း လဲ
ဘာ့ကြောင့်ဘဲ လဲလဲ ၊ လဲ ပြီးရင် ပြန်ထ ရစမြဲမို့
ဖွဲလုံ့လတွေ တဖန် ပြန်နိုးထကာ
ဆက်လျှောက်မဲ့ ဒီခရီး
သခင့်ရဲ့ သာသနာ ဒီလမ်းကျဉ်းထဲမှာ
ဂငယ် ကွေ့ လဲ မရှိသလို ။
Reverse gear လဲ မရှိတာမို့
ရှေ့ကိုသာ မျှော်တမ်းတ
ချော်လဲပြီးရင် ပြန်ထ ကြစို့ကွဲ့။ ။



ဖန်ဆင်းခြင်း အကြောင်းကို သက်သေခံနေကြတယ်။
လောကကြီးရဲ့ စည်းချက်အတိုင်း
စာတန်ရဲ့ ဟိန်းဟောက်သံနဲ့ အတူ
လူအချို့ စီးမြောနေကြတယ်
ထာဝရ ခရဲ မီးအိုင်ကိုပေါ့။
နှုတ်ကပါတ်တော် စည်းချက်အတိုင်း
ကိုယ်တော်ရဲ့ စကားသံနဲ့ အတူ
ယုံကြည်သူများ ကူးခတ်နေကြတယ်။
အိမ်တော် သွားမဲ့လမ်း နိုးထမှု မြဲ ထဲမှာပေါ့။ ။

---

# ယေရှုခရစ်တော်



**ယေရှုခရစ်တော်** *(မင်းအောင်သက်လွင်)*



ယေ - ယေဘုယျ ကျကျ၊ လူ့ဘဂထဲကို
ရှု - ရှုမဂ ရုပ်သွင်၊ ဆင်းသက် မြင်သည်။
ခ - ခစား ဂပ်တွား၊ ခြေရင်းနားမှာ
ရစ် - ရစ်ပတ် ဆူးခွေ၊ ခေါင်းထက် ဂေလဲ
တော် - တော်လျော် မစ၊ ကျေးဇူး ရဖို့
အခြေပြု ရစ်သော် ။ သေမှု လုစ်ဖော်၊
အသေ ထုဆစ်သော်၊ အဖြေတစ်ခု ဖြစ်ပေါ်
အဲဒါ - ယေရှု ခရစ်တော်။ ။ (မင်းအောင်သက်လွင်)

---

# စုံလင်ခြင်းရှိဖို့

**စုံလင်ခြင်းရှိဖို့** *ဆယ်မြူရယ်စိုးလွင်*



ကောင်းကြီးပေးပါ ။ အသုံးပြုပါတဲ့ ။
နေ့နေ့ ညည ထံတော် ခ လျှက်
တောင်းလျှောက်သည့် အသံ ချိန်မှန်မှန်....
သွန်သင်ပေးပါ၊ လမ်းပြပါတဲ့
နေ့နေ့ညည ၊ ထံတော် ခ လျှက်
ဟစ်ကြွေးသည့်အသံ ချိန်မှန်မှန်.....
ပေးထားကောင်းကြီး ၊ သုံးပြုခြင်းနဲ့
သွန်သင်မှုပေး လမ်းပြ မနေးတဲ့
ဘုရားဖြစ်စဉ် မေ့လျော့သည့် အသွင်.....
ပေးထား ကျမ်းစာ နည်းဖြာဖြာနဲ့
ပြင်ဆင်ထားလမ်း မေတ္တာလွှမ်းလဲ
သခင့်အကြံ သင် မသိခဲ့တာ အမှန်.....
**ဆယ်မြူရယ်စိုးလွင်**

---

# အမေ

**အမေ** *ဖွန်ပန်း*

လောကထဲမှာ အမေ မရှိတော့ပေမဲ့ ၊
ကျမ နှလုံးသားမှာ အမေ အမြဲရှိလျက်ပါ။
ကျမရဲ့ ဘေးမှာ အမေ မရှိတော့ဘေမဲ့ ၊
အမေ့ရဲ့ဆုံးမ စကားတွေက
ယနေ့ထိသမီးတွက် အသက် ရှိဆဲပါ ။
အားငယ်ချိန်တိုင်း အားပေးတတ်တဲ့ ၊
အမေ့ရဲ့ အားပေးစကားတွေ မကြားရတော့ပေမဲ့ -
အမေ ပေးခဲ့တဲ့ ခွန်အားတွေက
ယနေ့ထိ သမီးဆီမှာ အပြည့်နဲ့ပါ ။
သမီးရှေ့မှာ ဘယ်တော့မှ သမီးကို မချီးမွမ်းတဲ့ အမေ။




သမီး မျက်ကွယ်မှာ သမီးကို ချီးမွမ်းတတ်တဲ့ အမေ ။
ဘယ်သူမှ သမီးကို လူရာ မသွင်းခဲ့ပေမဲ့ ၊
အမေက သမီးကို အမြဲ ချီးမြှောက်ခဲ့တယ် ။
အမေ သမီးရဲ့ လေ့ကားထစ် တိုင်းဟာ အမေပါ။
သောကတွေ ဝမ်းနည်းစရာတွေ သမီး ကြုံတွေ့ရချိန် ၊
အမေလို့ နှုတ်ကနေ ဟစ်အော်ခွင့် မရတော့ပေမဲ့ -
သမီးရဲ့ နှလုံးသားက ဆာငတ်စွာ အော်ဟစ်ဆဲပါ အမေ ။
မာန်မာန လောဘ အတ္တတွေ များပြားတဲ့
လောကထဲမှာ အထီးကျန် အားငယ်စွာနဲ့
ဖြတ်သန်းရမဲ့ သမီးရဲ့ အသက်တာအတွက်
သမီးရဲ့ လက်ကို ဆွဲကိုင်ပြီး

---

# စည်းချက်အတိုင်း

**စည်းချက်အတိုင်း** *သိုးသူငယ်-ဒါးက*

လေပြေရဲ့ စည်းချက်အတိုင်း
ငှက်လေး တွေက ဂုဏ်တော်ချီးမွမ်း
သစ်ရွက်လေး တွေက လှုပ်ခတ်
သစ်ကိုင်းလေး တွေက ယိမ်းနွဲ့လို့





သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၉ မေလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကနဲ့၃၀ ထုတ်ဝေသည်။



ယုံကြည် စိတ်ချမှု အပြည့်နဲ့ ထာဝရဘုရားရဲ့
လက်တော်ထဲ အပ်နှံပြီး အဖအိမ် ပြန်သွားတဲ့အမေ။
ကျေးဇူးပါ အမေ။ အမေ အပ်နှံခဲ့တဲ့ လက်တစ်စုံကို
သမီး ထာဝရ မလွှတ်တမ်း ဆုပ်ကိုင်လျက်ပါ အမေ။
ကျေးဇူးပါ အမေ ။
သမီးရဲ့ နှလုံးသားထဲကနေ အမြဲတမ်း
ကျေးဇူးတင်လျက် တမ်းတလျက်ပါ။
သမီး ချစ်တဲ့ အမေ ။ ။

(မိခင်များ အားလုံးကို ဂုဏ်ပြုသောအားဖြင့်) - ချစ်တဲ့ ဖွန်ပန်း

---

# အမေများနေ့

**အမေများနေ့** *မင်းအောင်သက်လွင်*



**အ** - အ အာ အိ အီ ၊ စကား မပီခင်
မေမေ ဆိုတာ မခေါ်တတ်ခင်
မေ့ ရင်ခွင်မှာ ခိုင်ဖူးတာ ပထမဦးဆုံး ခိုလှုံရာ။

**မေ** - မေမေ ဆိုတာ ပေရေ နွဲ့တာ
နို့ချို တိုက်ကျွေး သန့်စင်ပေးရင်း
ထိန်းကျောင်းဖူးတာ ပထမဦးဆုံး ကျောင်းတော်ပါ။

**များ** - များပြား ပြဿနာ ဒုက္ခ ဝေဒနာတွေ
ရင်နဲ့ စည်းခံ ခေါင်းငုံ့ ခံရင်း
သားသမီး ဆိုးကောင်း ၊ ရင်မှာ ဆုတောင်း၍
ပထမဦးဆုံး ဘုရားကျောင်းပါ။

**နေ့** - နေ့ရက် ပြောင်းလဲ ၊ မေတ္တာ မပြောင်းလဲ
နှစ်လ ပြောင်းလဲ ၊ သစ္စာ ခိုင်မြဲ
အမေ ဆိုတာ နှိုင်းတု မရှိ အစားထိုး မဲ့
ကမ္ဘာ ဖွဲ့ရရင်ဖြင့် - အမေ ဆိုတာ
ဒီလောက မြေမှာ၊ တစ်ခုတည်းသော ရတနာ။ ။မင်းအောင်သက်လွင်

---

# ဘုရားသခင်နှင့်အတူရှိခြင်း

**ဘုရားနှင့်အတူရှိခြင်း** *Saw Z Net Eagle*

ဆာလံ ၂၃။ ဒါဝိဒ် - ဘုရား သူနှင့် အတူရှိခြင်းကို သိမှတ် ဝန်ခံသည်။

၁ရာ ၁၆း၁၈ - ရှောလု၏ ကျွန်တစ်ယောက်က ဒါဝိဒ်နှင့် ထာ ဝရဘုရား အတူရှိခြင်းကို သိမြင်တယ်။ (အထင်ကြီး လေးစားသည်) ဒါဝိဒ်က ဝေါလျတ်ကို ပြန်ပြီး စိန်ခေါ်တဲ့ အခါမှာ (ဘုရား နာမတော် ပါလျက်) လာတယ်လို့ ပြန်ပြော ပါတယ်။ တနည်း အားဖြင့် ဘုရား သူနှင့် အတူ ရှိခြင်းကို ဝန်ခံတယ်။ ကြွေးကြော်တယ်။ တိုက်ပွဲမှာ အောင်နိုင်တယ်။

အခက်အခဲ အတားအဆီးက လူတွေ အမြင်မှာ အကြီးကြီးဘဲ။ သို့သော် ကြီးမြတ်တဲ့ ဘုရား အတူရှိခြင်းကို သဘောတူ ဝန်ခံတတ်ဖို့ အရေးကြီးတယ်။ ၁ရာ ၁၈း၂၈-၂၉ မှာ ထာဝရ ဘုရားသည် ဒါဝိဒ် နှင့်အတူ ရှိကြောင်းကို ထပ်ပြီး သိမြင်တဲ့ သူက ရှောလုမင်း။ သူ သိမြင်တဲ့အခါမှာ ကြောက်ရွံ့တဲ့ စိတ်စွဲလမ်းတယ်လို့ ဖော်ပြထားတယ်။ ကိုယ်နဲ့ ထာဝရဘုရား အတူရှိခြင်းကို သိမြင်တဲ့ သူတိုင်း ကျွတ်ကို ကျွတ်တယ်။ ထာဝရ ဘုရား အတူ ရှိခြင်းကို (အစဉ်အမြဲ) သိမှတ် ဝန်ခံတတ်ကြပါစေ။ ။ Saw Z Net Eagle

---

# ချစ်တတ်သူများအတွက်သာ

**ချစ်တတ်သူများအတွက်သာ**(*မင်းအောင်သက်လွင်+ဇီးရိုး*)

*[ဇီးရိုး ရှာဖွေ တင်ပြပြီး မင်းအောင်သက်လွင် ဘာသာပြန် တင်ဆက်သည်။]*

တစ်ခါတုန်းက လူယောက်ျား ကြီး တစ်ယောက်ဟာ အလွန် လှပချောမော တဲ့ မိန်းမပျိုလေး တစ်ဦးကို အရမ်း ချစ်ကြိုက် နှစ်သက် မိခဲ့လို့ ထိမ်းမြား လက်ထပ် အတူတူ ပေါင်းသင်း နေထိုင်ခဲ့ပါတယ်။ မိန်းမပျိုလေး ကလဲ အဲဒီ လူကြီးကို ချစ်တဲ့အတွက် သူတို့နှစ်ဦး အပြန်အလှန် ချစ်ခင်မြတ်နိုးတဲ့ အကြင် လင်မယား အဖြစ် ပျော်ပျော် ရွှင်ရွှင် နေထိုင်လာခဲ့ကြသတဲ့။

မထင်မှတ်တဲ့ တစ်နေ့မှာ မိန်းမပျို လေးဟာ ရော ဂါ ဆန်း တစ်ခုကို ခံစား လာခဲ့ ရပါတော့တယ်။ အဲဒီ ရောဂါကတော့ အရေပြား ရောဂါ ဖြစ်ပါတယ်။ အဲဒီ အရေပြား ရောဂါ တဖြည်းဖြည်း ရင့်မှာ လာလေ မိန်းမပျိုလေးရဲ့ အလှအပ ဟာလဲ တဖြည်းဖြည်း ဆုတ်ယုတ်လို့ လာခဲ့ပါတယ်။ မကြာခင်မှာ မိန်းမပျိုလေးဟာ ရုပ်ဆိုးမလေး အဖြစ်ကို ကူးပြောင်း လာရတော့မှာပေါ့။

အဲဒီလို အခြေအနေ ဆိုး ရော ဂါဆိုးကို ခံစား နေရချိန်မှာဘဲ မိန်းမပျိုလေးရဲ့ ခင်ပွန်း ယောကျ်ားကြီးဟာ အလုပ် တာဝန်အရ ခရီးတစ်ခု ကို မဖြစ်မနေ ထွက်ခွာ သွားခဲ့ရပါတယ်။ အလုပ်တာဝန် ပြီးဆုံးလို့ အိမ်ပြန်လာတဲ့ လမ်းမှာဘဲ ကံ မကောင်း အကြောင်း မလှ လို့ ခင်ပွန်းသည် ယောကျ်ားကြီး ဟာ သူ စီးနင်းလိုက်ပါ လာ တဲ့ မော်တော်ယာဉ် တိ မ်းမှောက်ပြီး ထိခိုက် ဒဏ်ရာ ရသွား ခဲ့ပါ တယ်။ သူ ရခဲ့တဲ့ ဒဏ်ရာ ကတော့ မျက်စိ အမြင်အာရုံ ချို့ယွင်း သွားခဲ့တာဘဲ ဖြစ်ပါတယ်။ အိမ်ကို ပြန်လာ တဲ့ ယောကျ်ားကြီးဟာ ဘာကိုမှ မမြင်နိုင်တော့တဲ့ ဒုက္ခိတ ဘဝကို နေ့ချင်း ညချင်း ရောက်ရှိလို့ သွားပါတော့တယ်။

အရေပြားရောဂါ ခံစားနေရတဲ့ မိန်းမပျိုလေးဟာ မျက်မမြင် ဒုက္ခိတ ဖြစ်သွားတဲ့ ခင်ပွန်းသည်ကို လိုလေ သေး မရှိ ပြုစု ပေးနေရပါတော့တယ်။ အသက်ကြီးမှ မျက်စိ မမြင်တော့တာမို့ ယောကျ်ား ဖြစ်သူရဲ့ ဝေယျာဝစ္စတွေကို ပြုစု ပေးနေရတဲ့ မိန်းမပျိုလေး ဟာ တစစနဲ့ သူ့ကိုယ်တိုင် ခံစားနေရတဲ့ သူ့ရဲ့ အရေပြား ရောဂါ ကိုတောင် မေ့တော့ ဖြစ်လို့နေပါတော့တယ်။

အခုဆိုရင် ကိုယ်စီ ရောဂါ တစ်မျိုးစီ ခံစား နေရတဲ့ အကြင် လင်မယား နှစ်ဦးရဲ့ ချစ်ခရီး အိမ်ထောင်ရေး ဟာ သာယာဖြောင့်ဖြူး ပြီး၊ ချစ်ရည်လူး မပျက်၊ ဆထက် ထမ်းပိုး ချစ်အင်အားတွေ တိုးတက်လျှက် ရှိနေကြပါတယ်။

မိန်းမပျိုလေးရဲ့ အရေပြား ရောဂါ ဟာလဲ တစ်နေ့ထက် တစ်နေ့ ပိုမို ဆိုးရွား လာလို့ အခုဆိုရင် သူဟာ ရုပ်ဆိုးမကြီး တစ်ယောက် ဖြစ်လို့ နေပါပြီ။ ဒါပေမဲ့ ခင်ပွန်းသည် ယောကျ်ားကြီးကလဲ မျက်စိ မမြင်တော့တာမို့ သူ့မိန်းမ ရုပ်ဆိုး တာကို မသိ နိုင် မမြ င်နိုင်ဘဲ အရင် ကလို ချစ်မြဲ ချစ် လျှက် ပျော်ရွှင်စွာ နေထိုင်လို့ နေခဲ့ကြပါတယ်။ မျက်စိ မမြင်တဲ့ ခင်ပွန်းသည်ကို အရေပြား ရောဂါ ခံစား နေရတဲ့ မိန်းမပျိုလေးက အချစ်တွေ တိုး၍ ပြီး ချစ်ခင်ယုယ ပြုစုနေသလို မျက်မမြင် ခင်ပွန်းကလဲ အလှပျက်နေတဲ့ မိန်းမ အဖြစ်မှန်ကို မသိ မမြင်ဘဲ အရင် က ထက်တောင် ချစ်နေကြပါတော့တယ်။

မမျှော်လင့်တဲ့ တစ်နေ့မှာတော့ အားလုံး မျှော်လင့်ထားကြသလို အရေပြား ရောဂါဆိုး ကြောင့် မိ န်းမပျိုလေး သေ ဆုံး သွားခဲ့ရပါ တော့တယ်။ သေဆုံး သွားတဲ့ မိ န်းမပျိုလေးကြောင့် မျက်မမြင် ခင်ပွန်းသည်ဟာ အရှုံး တပိုင်း လို ကြေကွဲ ဝမ်းနည်း ခံစားခဲ့ရပါ တော့တယ်။ ချစ်ခင် မြတ်နိုး တွယ်တာ ရပါသော ဇနီးသည် မိန်းမချောလေး ကို နော က်ဆုံးဝတ် အဖြစ် မြေမြှုပ် သင်္ဂြိုလ် ပြီးချိန်မှာတော့ မျက်မမြင် ခင်ပွန်းသည် ယောကျ်ားကြီးဟာ ဇနီးသည် မရှိ တော့ တဲ့ ဒီ မြို့ ကနေ အဝေးကို ထွက်ခွာသွားတာက ပိုကောင်းမယ် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တလှမ်းချင်း ကျောခိုင်း ထွက်ခွာလို့ လာခဲ့ပါတော့တယ်။

အဲဒီ အချိန်မှာ - သူ့နောက်ကနေ အသံ တစ်သံကို ကြားလိုက်ရပါတယ်။

"မင်းရဲ့ မိန်းမ သေသွားတဲ့အတွက် မ င်း တစ်ယောက်ထဲ နေထိုင် အသက်ရှင် လျှောက် လှမ်းလို့ ဖြစ်ပါ့မလား။ ဘာဖြစ်လို့လဲ ဆိုတော့ မင်း ကား အက်ဆီးဒင့် ကြောင့် မျက်စိကွယ် မျက်မမြင် ဒုက္ခိတ ဘဝ တစ်လျှောက်လုံး မင်း မိန်းမ ကဘဲ မင်းကို အစစ အရာရာ ပြုစု ဖေးမ လမ်းပြ ခဲ့တာလေ။ အ ခု သူ သေသွားပြီ ဆိုတော့ မင်း မျက်မမြင် ဘ ဝနဲ့ ဘယ်လိုလုပ် ဆက် အသက်ရှင် နိုင်ပါ့အုံးမလဲ။" တဲ့။ ရွာထဲက ရင်းနှီးတဲ့ အိမ်နီးနားချင်း အသက်ကြီး အဖိုးကြီး တစ်ယောက်က မေးလိုက်တာ ဖြစ်ပါတယ်။

အဲဒီ အချိန်မှာ မျက်မမြင် ယောကျ်ားကြီးက -

"ကျနော် မျက်မမြင် မဟုတ် ပါဘူး။ ကား အက်စီးဒင့် ကြောင့် ကျနော် မျက်စိ မကွယ်ခဲ့ပါဘူး။ ကျနော့် မျ က်စိ က အကောင်း ပကတိဘဲ၊ အားလုံးကို



သခင့်စကား မိညာဦးရေ ၉ ရာ စာစောင်၊ အမှတ်စဉ် ၁၈၉ မေလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂျနိသ ထုတ်ဝေသည်။

ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။ ကျနော့် မိန်းမ ရှေ့မှာ တမင်သက်သက် ကျနော် မျက်မမြင် ဟန်ဆောင်ပြီး နေ ခဲ့တာပါ တဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ ကျနော့် မျက်စိသာ မြင်နေရရင် သူ တဖြည်းဖြည်း အရေပြား ရောဂါကြောင့် ရုပ်ဆိုး လာတာကို ကျနော် စိတ်ပျက်မှန်း သူ သိသွားခဲ့ရင် သူခံစားနေရတဲ့ ရောဂါထက် ကျနော့်ကြောင့် သူပိုပြီး စိတ်ဆင်းရဲ ရလိမ့်မယ်။ သူဟာ အင်မတန် တော်တဲ့၊ ကောင်းတဲ့ ဇနီးသည် အိမ်ရှင်မ တစ်ယောက်ပါ။ ကျနော် သူ့ကို နစ်ခါ မနာကျင် စေချင်ဘူး။

အဲဒီ့ကြောင့် ကျနော် မျက်မမြင် ဟန်ဆောင် လိုက်ရတာပါ။ အဲဒီလို ကျနော် မျက်စိ မမြင်တဲ့ ပုံစံပေါက်နေတော့ သူ့ ရုပ်ဆိုးနေတာကို ကျနော် မသိဘူး မမြင်ဘူးလို့ သူ့စိတ်ထဲ ထင်နေတဲ့အခါ သူ စိတ်သက်သာရာ ရသွားလိမ့်မယ်။ နောက်တစ်ခုက မျက်စိ မမြင်တဲ့ ကျနော့်ကို သူက ပြုစုပေးနေရတဲ့ အတွက် သူ့ ဝေဒနာ တစ်ဝက် သက်သာပြီး ကျနော့်ကို သနားစိတ် ပိုများ။ ကျနော့်ကို ပြုစု နေတာနဲ့ သူ့ ရောဂါ သူ မေ့သွားမှာပေါ့။ အဲဒီ နည်းနဲ့ သူပျော်နေတာကိုဘဲ ကျနော် မြင်ချင်တယ်။ သူ့ ဝေဒနာကို သူ မသိဘဲ၊ ဂမ်းသာနေတာကိုဘဲ ကျနော် မြင်ချင်လို့ ဒီလို ဟန်ဆောင် လိုက် ရတာပါ။ ကျနော် အောင်မြင်ပါတယ်။ သူ စိတ် ဖြောင့်ဖြောင့်နဲ့ သေဆုံး သွားခဲ့ ရပါတယ်။" လို့ ပြန်ဖြေလိုက်ပါတယ်။

[[မှတ်ချက် - တစ်ခါတစ်လမှာ ကျနော် ကျမ တို့ဟာ မျ က်စိ မမြင်ဟန် ဆောင်၊ မသိချင် ယောင်ဆောင် ပြီးတော့ တစ်စုံတစ်ယောက်ရဲ့ အားနည်းချက် ချို့ယွင်းချက် အမှားအယွင်းတွေကို



လျစ်လျူရှု ပေးလိုက်ရပါတယ်။ အဲဒါကလဲ အဆိပ်ပင် ရေလောင်းတာ မဟုတ်ပါဘူး။ ကောင်းကျိုး အတွက် ပါ။

သွားနဲ့ လျှာ ဟာ အကြိမ်ပေါင်း မြောက်များစွာ ထိမိ ခိုက်မိ ကိုက်မိ ကြပါတယ်။ ဒါပေမဲ့ သူတို့ဟာ ပါးစပ် ဆိုတဲ့ အိမ်ထောင်မိသားစုကြီး ထဲမှာ အမြဲတမ်း အတူတူ နေကြရပါတယ်။

ခွင့်လွှတ်ခြင်း - မျက်လုံး တစ်လုံးနဲ့ တစ်လုံး မမြင်ဖူး၊ မတွေ့ဖူးကြပေမဲ့ မျက်လုံး နစ်လုံး ဟာ အရာဝတ္ထုတွေကို အတူတူ ကြည့်ခဲ့ ကြရတယ်။ မျက်တောင် အတူတူ ခတ်ကြ ရတယ်။ အတူတူ ငိုခဲ့ကြ၊ မျက်ရည် အတူတူ ကျခဲ့ကြရပါတယ်။ ဒါဟာ စည်းလုံး ညီညွှတ်မှုဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ကျနော် ကျမ တို့ရဲ့ စိတ်ဂိညာဉ်တွေကို ခွင့်လွှတ်တတ်ဖို့ ညီညွတ်ဖို့ အတူတကွ နေထိုင်ဖို့ သဘော တူ ခွင့်ပြုထားပါတယ်။

(၁) လူ တစ်ဦး တစ်ယောက်တည်းသာ ရှိနေမယ် ဆိုရင် တစ်ကိုယ်တည်း အရူးတပိုင်းလို စကားဘဲ ပြောလို့ ရတယ်။ အသင်းအဖွဲ့နဲ့ ဆွေးနွေးလို့ မရပါဘူး။

(၂) လူ တစ်ဦး တစ်ယောက်တည်းသာ ရှိနေမယ်ဆိုရင် တစ်ကိုယ်တော် ကြိတ်ပြီး ပျော်လို့ဘဲ ရတယ်။ အုပ်စုဖွဲ့ ကျင်းပလို့ မရပါဘူး။

(၃) လူ တစ်ဦး တစ်ယောက်တည်းသာ ရှိနေမယ်ဆိုရင် ကြိတ်ပြုံး လို့ဘဲ ရတယ်။ အတူတူ ဟားတိုက် ရယ်မောလို့ မရပါဘူး။

ဒါဟာ လူသားတွေရဲ့ လုပတဲ့ ဆက်သွယ်ရေး လမ်းကြောင်းကြီးပါဘဲ။ တစ်ယောက်နဲ့ တစ်ယောက် မဆက်သွယ်ဘဲနဲ့ ကျနော်တို့ မရပ်တည်နိုင်ပါဘူး။ အမြဲတမ်း ဆက်သွယ်မှု ရှိနေကြရပါမယ်။ ]]

{{ အရေး ကြီးမှတ်ချက် - ဘာလိတ်ဒါးက အင်မတန် ထက် ပါတယ်။ ဒါပေမဲ့ သစ်ပင်ကြီး ကိုတော့ မခုတ်ဖြတ် နိုင်ပါဘူး။ သံပုဆိန် ကလဲ အင်မတန် အားကောင်း ပါတယ်။ ဒါပေမဲ့ အမွေးအမျှင် တွေကိုတော့ ရိတ်ဖြတ်ဖို့ ခက်ခဲ ပါလိမ့်မယ်။}}

((ဆောင်ပုဒ် - လူတိုင်းဟာ ကိုယ်စီ ကိုယ်စီ အစွမ်းအစတွေ ရှိပြီး အရေးပါ အရာ ရောက်တဲ့ သူတွေ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဘယ်သူ့ကိုမှ ချိုးနှိမ်ပြီး အပေါ်စီးကနေ ငုံ့ မကြည့်ပါနဲ့။ ဒါမှ မဟုတ်ရင် သူတို့ရဲ့ ဖိနပ်ကို ခေါင်းငုံ့ အလေးပြု နေတဲ့ ပုံစံ ပေါက်နေပါ လိမ့်မယ်။)) ။ ။

(ဘာသာပြန် - မင်းအောင်သက်လွင်။ ရှာဖွေသူ - ဇီးရိုး)

---

# သင်သည်အစွမ်းအစရှိသူ အကျိုးပြုနိုင်သူပါ

**သင်သည် အစွမ်းအစရှိသူအကျိုးပြုနိုင်သူပါ** *ဆယ်မြို့ရယ်စိုးလွင်*

လူသားတစ်ဦး ဖြစ်လာသည်နှင့်အမျှ အားလုံးက လောကတွင် အသုံး ဝင်သူ၊ အသုံးတည့်သူ (သို့) အကျိုးပြုနိုင်သူ ဖြစ်လိုကြသည်မှာ လူသားတိုင်း မွေးရာပါ စိတ်စေတနာ အရင်းခံ ဖြစ်သည်။ ထိုသို့ ဆိုခြင်းဖြင့် အားလုံး မဟုတ်ဟု ငြင်းဆန် လိုကြမည် ဖြစ်သော်လည်း ထိုငြင်းဆန်မှုသည်သာ မှားသွားပေမည်။ လူတိုင်းမှာ လောကတွင် အသုံးတည့်လိုမှုကိုတော့ လူတိုင်းလိုလားကြပါသည်။

**၁။ ကိုယ်စီအစွမ်းရှိသည်။**

မှန်ပါသည်။ လောကမှာ လူတိုင်း အစွမ်းအစ ရှိကြပါသည်။ ထို အစွမ်း အစက ပညာရေး၊ လူမျိုးရေး၊ ဘာသာရေးတို့ဖြင့် ဘောင်ခတ်ထား၍ မရနိုင်သလို၊ ထို ပညာရေး၊ လူမျိုးရေးနှင့် ဘာသာရေးတို့ မပါရှိသည့်တိုင် လူတိုင်းမှာ မွေးရာပါ ရရှိ ထားသော အခွင့်ထူးပင် ဖြစ်သည်။ လူ မဆိုထားနှင့် အဟိတ် တိရစ္ဆာန် များပင်လျှင် အစွမ်းအစ များစွာ ရှိသည်ကို မြင်တွေ့နိုင်သည်။ သာဓက အားဖြင့် ကျွဲ နွား တိရစ္ဆာန်များတွင် မွေးပြီးသည်နှင့် မကြာခင်လေးမှာပင် လမ်းလျှောက် တတ်ကြပြီး၊ ဖားလေးများ ဘ ဝကို မရသေးသည့်တိုင် အသက် ဝင် စတင် လာ သည်နှင့် ဖါးလောင်းများ ဘဝမှာပင် ရေထဲတွင် ကောင်းစွာ ကျင်လ ည် နိုင်ကြ သည်မှာ သူတို့ဖြစ်ခြင်းရှိ အစွမ်းသတ္တိ တစ်မျိုးပင် ဖြစ်သည်။ ထိုသို့ဆိုလျှင် သူ့ ပုံသဏ္ဍာန်နှင့် အညီ ဖန်ဆင်းခံ လူသားများအဖို့ ဆိုဖွယ်ရာ မရှိတော့။

**၂။ လူတိုင်းအကျိုးပြုသယ်ပိုးကြသည်။**

လူတိုင်း အမှန်ပင် အကျိုးပြုကြပါသည်။ ယုတ်စွအဆုံး လူဆိုး၊ သူခိုး များပင်လည်း သူ့ အသိုက်အမြုံ လုံခြုံရန်၊ လုပ တင့်တယ် စေရန် အတတ် နိုင်ဆုံး အကျိုးပြု ကြပါသည်။ အကျိုး မပြုနိုင်သောသူ ဟူ၍ လောကတွင် တစ်စုံတစ်ဦးမှ မရှိပါ။ ကျွန်တော်တို့ အားလုံး ထိုသို့ အကျိုးပြု သယ်ပိုးနိုင်ကြသော်လည်း ဘုရား သခင်သည် ထို အစွမ်းသတ္တိများ အားလုံးကို အသုံးပြုပြီး မိမိ အကျိုးအတွက် သက်သက်သာ သယ်ပိုး ရန်မူဖြင့် ကန့်သတ် မထားခဲ့ပါ။ ထိုသယ်ပိုး ခြင်းကို ယေရှုရှင်- ယုဒပြည် - ရှမာရိ ဆိုသည့်အတိုင်း ဆထက် ထမ်းပိုး ခြင်းဖြင့် ကြီးစွာသော အမှုများကို ပြုလို ပါသည်။ ထို့ကြောင့် သင့်ဘ ဝကို အချည်းနှီးဟု မသုံးသပ်၊ မဆုံးဖြတ် မိပါစေနှင့်။

**၃။ အစွမ်းအစဖြင့်သယ်ပိုးခြင်းမင်္ဂလာ။**

အထက်ပါ အတိုင်း ရှိထားသော အစွမ်းအစများကို သယ်ပိုး အစေခံ ခြင်းဖြင့် ရရှိလာသော ကောင်းကြီး မင်္ဂလာများမှာ ရေတွက် ကုန်နိုင်မည် မဟုတ် ပါ။ သင်သည် အမှုငယ်၌ သစ္စာရှိသောကြောင့် ကြီးသော အမှုများကို အပ်ပေး မည် ဆိုသော ကတိ စကားတော်ကို မြင်ယောင်ကြည့်ပါ။ ဧ လာက တွင် ကကြီး ခခွေး လေးမှ ပညာရှင်ပါရဂူဘွဲ့ကို ရယူစေခဲ့သည်။ A B C မှစတင်ပြီး B.Ed, M.Ed ပညာရှင်များ ဖြစ်လာခဲ့ကြသည် မဟုတ်လား။ ထိုသို့ဆိုလျှင် သင်နှင့် ကျွန်ုပ် တို့ ယခုအစေခံနေသော နေရာလေးမှ သည် - ဟို အနာဂါတ်မှာ အဘယ် အရာ ဖြစ်လာမည်ကို ပုံသေကားချပ် မသတ်မှတ်နိုင်လောက်အောင်ပင် လူ့ဘဝ ဖြစ်တည်မှု တွင် ဘုရားသခင် ကောင်းကြီးများစွာ ပေးထားပါသည်။

**၄။ တည်ရှိသော ကတိတော်။**

သူတစ်ပါးကို ရေလောင်းသော သူသည် ကိုယ်တိုင် ရေလောင်းခြင်း အကျိုးကို ခံစားရမည်ဆိုသော ကတိ စကားကို စဉ်းစားကြည့်ပါ။ သင်သည် လောက တွင် အစွမ်းအစ အပြည့်ရှိပြီး၊ အများအကျိုးကို သယ်ပိုး နေသူ တစ်ဦး ဖြစ်လျှင် လောကကြီးက သင့်အားကူညီမည့် လက်အစုံများလည်း အသင့် ရှိနေ သည်ကို မမေ့ပါနှင့်။ ကျမ်းစကားအရ ဆိုလျှင် မီးပျက် တတ်သော ကျွန်တော်တို့ နိုင်ငံ အခြေအနေအရ မီးပျက်သွားလျှင် အားလုံးက ဖယောင်းတိုင်၊ လက်နှိပ်မီး



သခင့်စကား မိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၉ မေလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။

စသည် တို့ကို ရှာဖွေ အသုံးပြုကြသည် မဟုတ်လား။ ထိုအခါ မည်သူ ကမှ သခင့် အလို စကားအတိုင်း တောင်းဇလား အောက်တွင် ဖုံးကွယ်၊ ဖုံးဖိ မထားပါ။ အားလုံး မြင်နိုင်ဖို့ အမြင့်တွင် တင် ထားခြင်းက အခြား အကြောင်းအရင်း မဟုတ် အိမ်သူ အိမ်သားများ သွားလာရေးကို ရှင်းလင်းစွာ အထောက်အကူ ဖြစ်စေဖို့ မဟုတ်လား။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့အား အစွမ်းအစ၊ အကျိုး သယ်ပိုးခွင့်နှင့် အခွင့် လမ်းများကို ပေးသနားတော်မူသော အဖ ဘုရားသခင် နှင့် လိုအပ် နေသူ များက လိုလိုလားလားဖြင့် စောင့်မျှော်နေကြသည်ကို သတိပြုမိလျှင် သင်သည် လောကတွင် အချည်းနှီး မဟုတ်။ အစွမ်းအစရှိသောသူ တစ်ဦး၊ တန်ဖိုး ရှိသောသူ တစ်ဦး၊ ကောင်း ကျိုး ပြုနိုင်သောသူ တစ်ဦး ဖြစ်နေခြင်းကို ဘယ်သော အခါမှ မမေ့ လိုက်ပါနှင့်။ ။ **ဆယ်မြူရယ်စိုးလွင်**

---

# ကျမကကျပ်နှစ်ရာတန်ပါမောင်

**ကျမ က ကျပ်နှစ်ရာတန်ပါ မောင် (ကဗျာ - မင်းအောင်သက်လွင်)**

ကျမ က ကျပ်နှစ်ရာတန် ပါမောင်။
အောက်ခံ အဖြူပေါ် အစိမ်းရောင် ခြယ် ပါလို့ ညာဘက်က ခြသေ့်ကြီး မြင်၊
ကျမ က ကျပ်နှစ်ရာတန် ပါရှင်။
ဟိုး အရင် ငယ်ဘဝ ၁၉၉၀ ဂန်းကျင်က - ငွေ ကျပ်နှစ်ရာတန် ဆိုရင်
စက်မှုကျွမ်းကျင် လုပ်သားတစ်ယောက်ရဲ့ တစ်လ လုပ်ခစာ ၊
မိသား တစ်စုလုံး ပျာယာခတ် စရာ မလိုပါ။
"အိုး - နှစ်ရာကျပ် ကြီးများတောင် - " လို့ တင်စား ဂုဏ်ကြွား ခဲ့ဖူးပါတယ် မောင်။
ခုတော့ရှင် -
ဘယ်လို စံနစ်မျိုး။ ဘယ်လို အဖြစ်ဆိုး။ ဘယ်လို လူဆိုးတွေကြောင့် -
အကြော်သည်မ ထမီကြား ၊ ကျစ်ကျစ်လိပ် ထားတာကလဲ ကျပ်နှစ်ရာ။
ဗယာကြော် ကုလားလေး ပုဆိုး ခါးပုံစ ကြားမှာ ဆီလူး နေတာလဲ ကျပ်နှစ်ရာ။
လမ်းဘေး သူတောင်းစား ခွက်ဖလားထဲ ယင်ကောင် နားနေတာလဲ ကျပ်နှစ်ရာ။
စရိုက်ကြမ်း စပယ်ယာ လက်ကတီးကြား ချွေးစေးပျစ်ပျစ်၊
ကွမ်းသွေး ညစ်ညစ် ပေရေ နေတာလဲ ကျပ်နှစ်ရာ။
လမ်းထိပ် ဘုံကထိန် အလှူတော် မင်္ဂလာ မဏ္ဍပ်က
ပဒေသာပင် ပေါ်မှာလဲ ကျပ်နှစ်ရာ။
လမ်းတံတား ဂိတ်ကြေး မြို့ဝင်ကြေး လုံခြုံရေး လက်ထဲမှာလဲ ကျပ်နှစ်ရာ။
မြို့လယ်ကောင် တစ်ခါသုံး ရေအိမ်သာ ဝင်ကြေးကလဲ ကျပ်နှစ်ရာ။
ဘုရားကျောင်း အလှူငွေ အိတ်ထဲ ခနခန ဝင်နေရတာလဲ ကျပ်နှစ်ရာ။
လမ်းပေါ်က သာဂိ တို့ ကလေးတစ်သိုက်
ဂေါ်လီရိုက် ပိုက်ဆံ ထောင်ပစ်နေတာလဲ ကျပ်နှစ်ရာ။
ငါးစိမ်းတန်းထဲမှာ အဖာ အထေးတွေနဲ့ ၊
ဂျာအေး သူ့အမေ ရိုက်သလို အကြွေ အမ်းခံ ထိတာလဲ ကျပ်နှစ်ရာ။
နေရာတကာ မှာ ခြေ ဖွေ ပါသလား ထင်ရအောင်
ခရီး ရောက်နေတဲ့ ကျပ်နှစ်ရာရဲ့တန်ဖိုး ကမ္ဘာ့ စံနှုန်းနဲ့ နှိုင်းယှဉ်ရင် -
စင်ကာပူ က ဒေါ်လာ နှစ်ရာဟာ
အိမ်လခ လ တစ်ဂက်စာ ပေးလို့ရအောင် တန်ကြေး ရှိပေမဲ့၊
မြန်မာ ကျပ်နှစ်ရာ ကတော့ -
ဆိုက္ကားသမား လက်ဖက်ရည် သောက်နိုင်အောင် တန်ကြေး မရှိတော့တာမို့-
" ဟမ် - ကျပ်နှစ်ရာ လေးဘဲလား" ဆိုတဲ့ အထင်သေး စကား ကနေ
" အိုး - ကျပ်နှစ်ရာ ကြီးများတောင်ပါလား" ဆိုပြီး ဂုဏ်ကြွား ရအောင်
အိုး - ထာဝရ ဘုရားသခင်၊
ကျမ ကျပ်နှစ်ရာ တန်ကို နောက်တစ်ဖန် အသက်သွင်း
အရင်လို တန်ဖိုးတက်ရအောင် ဖန်ဆင်းပေးဖို့
ဆုတောင်းပေးပါအုံးလား မောင်။ ။
(မင်းအောင်သက်လွင်)

---

# ခိုးကူးသြဂါဒ




ကာတွန်း - ခိုးကူးသြဂါဒ [သရုပ်ဖော်ပုံ - မင်းအောင်သက်လွင်။ အတွေး - တောသားလေး]



သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၉ မေလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။